
နိုင်
စာပေ
ချစ်နိုင်(စိတ်ပညာ)
ဘဝတက်လမ်း၏
ခြေလှမ်းများ

အခန်း(၁)

## ဟန်ဆောင်လှည့်ဖျား သတိထား

ချစ်သမီး မေလေး

ရွှင်လန်းချမ်းမြေ့ပါစေ .....

လူအချင်းချင်း လှည့်ဖျားခြင်း ကင်းရှင်းကြပါစေ .... လို့ မေတ္တာပို့တဲ့အထဲမှာ ပါခဲ့တယ်။ လူသား အချင်းချင်းဟာ တစ်ယောက်နဲ့တစ်ယောက် ကောက်ကျစ်ညစ်ပတ်စွာ လှည့်စားဖျားယောင်းမှုတွေ ရှိ တတ်ပေတာကိုး။ မရှိတာကို အရှိလုပ်ပြီး ညာတယ်။ ရှိတာကို ဖုံးကွယ်ပြီး မရှိပါဘူးလို့ လိမ်တယ်။ မဟုတ်တာကို ဟုတ်တယ်လို့ဆိုရဲ့။ ဟုတ်တာကို မဟုတ်ပါဘူးလို့ ပြောတတ်ရဲ့။ မသိခင်အထိ ကောင်း နေသေးတာပေါ့။

အလိမ်မပေါ်ခင်အထိ လိမ်ညာလှည့်စားသူဟာ အကျိုးရှိနေတုန်းပဲ။ နောက်ဆုံးတစ်နေ့ အလိမ် ပေါ်ပြီဆိုတဲ့အခါ သူကောင်းစားတဲ့ အလှည့်ဟာ နေဝင်သွားတော့တာပဲပေါ့။ သူ့ရဲ့ ကျဆုံးခန်းကို သူ့ ရဲ့ ဖုံးကွယ်လိမ်ညာ လှည့်ဖျားမှုတွေက ဆွဲချလိုက်တော့တာပဲလေ။

လှည့်ဖြားခြင်းဟာ လုပ်သူမှာလည်း မကောင်းပါဘူး။ ခံရသူများမှာလည်း မကောင်းပါဘူး။ ဘယ်သူမှ နောက်ဆုံးအဖြေမှာ အကျိုးမရရှိနိုင်ပါဘူး။ လိမ်ညာမုသားစကားဟာ ဆိုးကျိုးကိုသာလျှင် ဖြစ်ပေါ်စေတဲ့အတွက် ကျင့်ဝတ်စာရိတ္တ ကောင်းမွန်သူများအဖို့ ရှောင်ကြဉ်အပ်တဲ့ မကောင်းမှုဖြစ်ပါ တယ်။ မုသာဝါဒကံဟာ မပြောရမဆိုရတဲ့ အကုသိုလ်တစ်ခု။ မှန်ကန်ခြင်းဟာ အရာသာအရှိဆုံးပဲ။ အရာသာတကာတို့တွင် “သစ္စာတရား”ဆိုတဲ့

မှန်ကန်ခြင်းဟာ အရသာ အချိုမြိန်ဆုံးပါပဲ။ ဖြောင့်မတ် သောသူတို့ဟာ သစ္စာတရားရဲ့ တန်ဖိုးကို သိတယ်။ ဖြူစင်မြင့်မြတ်သော ပုဂ္ဂိုလ်တို့ဟာ သစ္စာတရားရဲ့ တန်ခိုးကို သိနားလည်တယ်။

"ကတိသစ္စာ၊ တည်သောအခါ၌ ၊ ရသာလေးနက်၊ ပေါ်ဆီတက်၍ ၊ နွယ်မြတ်သစ်ပင်၊ ဆေး ဘက်ဝင်၏ " တဲ့။ အင်းဂခေတ် စာဆိုအကျော် အရှင်မဟာ ရဋ္ဌသာရရေးဖွဲ့ဖူးတဲ့ လင်္ကာတစ်ပိုင်းတစ်စ မှတ်သားခဲ့ရဖူးတယ်။ သစ္စာတရားဟာ လူတော်လူကောင်း၊ သူတော်ကောင်းတို့ရဲ့ လက်စွဲစကားပဲ။ ကိုယ်ရည်ကိုယ်သွေး မြင့်မားတဲ့ ပုဂ္ဂိုလ်တွေရဲ့ လက်ကိုင်တရားပဲ။ ထိုသူဟာ မြတ်သူလော၊ ယုတ်သူ လော ခွဲခြားကြည့်ချင်ရင် သူပြောတဲ့ စကားထဲမှာ အမှန်တရား ဘယ်လောက်ပါပြီး လိမ်ညာမှုသား မည်မျှပါသလဲ အကဲခတ်မိရင် သိနိုင်တယ်။

သူယုတ်များအဖို့တော့ သစ္စာက ခါးသီးတယ်။ အမှားအလိမ်အညာမှ အကြိုက်ကျတတ်တယ်။ အမှန်တရားကို ဘယ်အခြေအနေမှာဖြစ်စေ၊ ရဲရဲဝံ့ဝံ့ကိုင်စွဲရင်ဆိုင်တာကတော့ လူကောင်းပဲ။

မိမိကိုယ်တိုင် ဖြောင့်မတ်မှန်ကန်ပေမယ့် လိမ်လည်လှည့်ဖြား၊ ဟန်ဆောင်၊ အယောင်ဆောင် သူများကိုတော့ လောကတစ်လွှား အတွေ့ရများသဗျ။ မဆင်မခြင်ယုံလိုက်မိရင်တော့ တက်တက်စင် လွဲတတ်ပေရဲ့။ ကောက်ကျစ်စဉ်းလဲတဲ့ သူတွေရဲ့ ဖုံးကွယ်လှည့်စားပုံတွေကို မမြင်ချင်အဆုံး၊ မကြား ချင်အဆုံး။

သမီးတို့ဟာ အရာရာတွင် သတိရှိအပ်တယ်။

သမီးတို့အနေနဲ့ ယုံအောင်လှည့်ဖြားတဲ့ စကားမျိုးကို နားဝင်မိလို့ အားကိုးမှားခဲ့သော် ပျက်စီး ခြင်းသို့ ရောက်ရတတ်တယ်။ လွယ်ကူပေ့ါဆစွာ မယုံကြည်အပ်ဘူး။ အကြောင်းဟုတ်သည် မဟုတ် သည်ကို ကျွမ်းကျင်လိမ်မာရပါလိမ့်မယ်။ အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို

ဆင်ခြင်နှိုင်းဆဖို့ဆို တာက ခက်ခက်ခဲခဲတော့ မဟုတ်ဘူး သမီးရဲ့။ Logical Thinking သဘာဝယုတ္တိ ရှိမရှိ စိစစ်တတ်တဲ့ ဆင်ခြင်စဉ်းစားဉာဏ် ရှိဖို့ပါပဲ။ အထူးမဟုတ်ပါ။ သာမန်ရှေ့နောက် စဉ်းစားတဲ့ အသိ Common Sense ရှိရင်ရပါတယ်။ သတိလက်မလွှတ်ဖို့ ဆိုလိုခြင်းပါ။ အကြောင်းဟုတ်သည် မဟုတ်သည်ကို မခွဲ ခြားတတ်ဘဲ ယုံလွယ်ရင် ပျက်စီးခြင်းသို့ ဆိုက်ရောက်ရပုံနဲ့ အကြောင်းဟုတ်သည် မဟုတ်သည်ကို ခွဲ ခြားနားလည်တတ်ခြင်း၊ ကျွမ်းကျင်လိမ်မာခြင်းရှိတဲ့ လူမှာ ပျက်စီးခြင်းမှ ကင်းဝေးလွတ်မြောက်နိုင်ပုံကို နိပါတ်တော်လာ ဇာတ်တစ်ခု အကျဉ်းမျှ ဖော်ပြချင်တယ်မေလေးရေ့။ ငါးရာငါးဆယ်ထဲက "အပဏ္ဏက ဇာတ်"ခေါ်ပါတယ်။ သမီး ကြားဖူးဖတ်ဖူးပြီးသားလည်း ဖြစ်နိုင်ပါတယ်။

မြတ်စွာ ဘုရားသခင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ်၊ အနာ ထပိဏ်သူဌေးရဲ့ အဆွေခင်ပွန်းများ ဖြစ်ကြတဲ့ တိတ္ထိငါးရာတို့ဟာ မြတ်စွာဘုရား ဟောကြားတဲ့တရား တော်များကို ကိုယ်တိုင်နာကြားရတဲ့အခါ ယုံကြည်သက်ဝင်ပြီး မြတ်စွာဘုရားရဲ့ ရှေ့မှောက်မှာ ဗုဒ္ဓ သရဏဂုံကို ခံယူကြသတဲ့။ သို့ပေမယ့် မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်သို့ ကြွချီသွားတဲ့အခါ သူ တို့ဟာ ဗုဒ္ဓသရဏဂုံကို စွန့်ကာ တိတ္ထိယူကို ပြန်ယူသွားကြပြန်ပါရောတဲ့။ ဒီကိစ္စကို အကြောင်းပြုပြီး ဒီတိတ္ထိငါးရာဟာ ရှေးအတိတ်ကာလတုန်းက လှည်းသားငါးရာဖြစ်ခဲ့ဖူးကြတယ်။ အဲဒီ ဘဝတုန်းက လည်း အကြောင်းဟုတ်သည် မဟုတ်သည်ကို လိမ်မာကျွမ်းကျင်မှုမရှိဘဲ ခေါင်းဆောင်လှည်းကုန် သည်တစ်ဦးအား ဆည်းကပ်မှားခဲ့လို့ ကန္တာရခရီးမှာ ဘီလူးများ လှည့်စားဖျက်ဆီးတာကို ခံရပြီး ကြီးစွာ ပျက်စီးဆုံးရှုံးခဲ့ကြရဖူးတယ်ဆိုတာ ဟောကြားခြင်းပါ။

ထိုဖြစ်စဉ်မှာ မြတ်စွာဘုရားအလောင်းက ကာသိတိုင်း ဗာရဏသီပြည်မှာ လှည်းကုန်သည် အ ကြီးမှူးတစ်ဦးဖြစ်သတဲ့။ အဲဒီ တုန်းက

လှည်းကုန်သည်တွေဟာ ကန္တာရခရီးကြမ်းကို ဖြတ်သန်းပြီး ဝေးလံသော အရပ်ဒေသများသို့ ကုန်ရောင်းကုန်ဝယ် လုပ်ဆောင်ကြရတယ်။ ဗာရာဏသီပြည်မှာ ဘုရား အလောင်းလှည်းကုန်သည်နဲ့အပြိုင် ကုန်သည်တစ်ဦးလည်း ရှိသတဲ့။

အခါတစ်ပါးမှာ လှည်းသားငါးရာစီပါတဲ့ ထိုကုန်သည်အဖွဲ့နှစ်ဖွဲ့ဟာ ခရီးကြမ်းကန္တာရတစ်ခုကို ဖြတ်ပြီး ကုန်ရောင်းကုန်ဝယ်သွားဖို့ ပြင်ဆင်စီမံနေကြသတဲ့။ ဒီခရီးကို လှည်းအစီးတစ်ထောင် တစ်ပြိုင် တည်းသွားခဲ့သော် ထင်း၊ ရေ၊ ရိက္ခာ အစစအရာရာ ခက်ခဲမယ်။ နွားများအတွက်၊ မြက်များလည်း ရဖို့ ရာ ခက်မယ်။ ဒါကြောင့် မိမိတို့ အုပ်စု နှစ်စုအနက် တစ်ဖွဲ့ဖွဲ့က အလျင်သွားပြီး ကျန်တဲ့တစ်ဖွဲ့က အချိန်သင့်တော်သလို ခြား၍ နောက်မှသွားရင်ကောင်းမယ်။ အသင်နှစ်သက်ရာကို ရွေးပါလို့ ဘုရား အလောင်း လှည်းကုန်သည်မှူးက မေးတယ်။ အခြားလှည်းခေါင်းဆောင်က “အကျွန်ုပ်တို့ အဖွဲ့ ရှေးဦး စွာသွားမယ်”လို့ ဆုံးဖြတ်သတဲ့။ ရှေ့က ဦးရင်ကောင်းတယ်လို့ ထင်လို့ပေါ့။

ဘုရားအလောင်းလှည်းကုန်သည်က ကောင်းပါပြီ။ သွားပါဆိုပြီး။ အကြည်အသာ သဘောတူ ခွင့်ပြုလိုက်သတဲ့။ ဘာပြုလို့ ဒီလို သဘောတူရတာ လဲ။ ကျွန်တော်တို့ နစ်နာမှာပေါ့လို့ တချို့က ဝေဖန် တဲ့အခါ ခေါင်းဆောင်လှည်းမှူးဘုရားအလောင်းက ရှင်းပြတယ်။

“အဆွေတို့ ၊ နောက်က သွားတာက ပိုပြီး အကျိုးများတယ်။ ရှေ့လူက မညီတဲ့လမ်း၊ မကောင်း တဲ့ခရီးကို ပြုပြင်ပြီး သွားရမယ်။ နောက်လူက ပြင်ပြီးသား၊ ခင်းပြီးသား လမ်းတွေ၊ တံတားတွေနဲ့ အသင့်ကောင်းစွာ လိုက်ရမယ်။ ရှေ့ကသွားတဲ့ နွားတွေက မြတ်ရိုင်း မြတ်ကြမ်းများသာ စားရမယ်။ နောက်က လိုက်တဲ့အဖွဲ့က (တစ်လခွဲကြာပြီမို့) အသစ်တစ်ဖန် ပြန်ထွက်လာတဲ့ မြတ်နု၊ မြတ်သစ်များ ကို စားရမယ်။ ဟင်းသီးဟင်းရွက်များလည်း အလားတူပဲ ပိုမိုချိုမြိန်ကြလိမ့်မယ်။ ရေမရှိတဲ့နေရာမှာ ရှေ့ကလူတွေက ရေရဖို့ ခက်ခက်ခဲခဲ စီမံကြရမယ်။ နောက်ကလိုက်ရတဲ့သူအဖို့မှာ ရှေ့မှ ရေရအောင် လုပ်ဆောင်သွားခဲ့ကြပြီးသားမို့

အလွယ်တကူ ရေကိုရမယ်”ပေါ့ကွယ်။

ဈေးကွက်မှာလည်း ရှေ့လူသတ်မှတ်ရောင်းချပြီးသားဖြစ်တဲ့အတွက် မိမိတို့အလှည့်မှာ သင့် တင့်မျှတစွာ ရောင်းချနိုင်မယ်။ ဈေးနှုန်းများလွန်းခြင်း၊ နိမ့်လွန်းခြင်းမျိုး မလွဲမှားနိုင်တော့ဘူး။ နောက် က သွားကြရတာ အခွင့်အရေးမနစ်နာဘူးလို့ ရှင်းလင်းပြတဲ့အခါ အားလုံးက နှစ်သက်လက်ခံကြသတဲ့။

အကြောင်ဟုတ်သည် ၊ မဟုတ်သည်ကို ဆင်ခြင်သုံးသပ်ရာ၌ မလိမ်မာသော လှည်းကုန်သည် မှူးနဲ့ အဖွဲ့ကတော့ အားရဝမ်းသာနဲ့ မြန်မြန်ထက်ထက် ခရီးထွက်သွားကြတာပေါ့ကွယ်။ စောစောဦး ရင် ကောင်းမယ်ထင်တဲ့ လောဘဇောနဲ့လေ။

ဘုရားအလောင်း ကြိုတင်တွက်ဆထားတဲ့အတိုင်း ကန္တာရထဲမှာ ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်း ကြရတာ ပေါ့။ ကန္တာရာတစ်ခုမှာရှိတဲ့ ဘီလူးများက ထိုလှည်းသားငါးရာ ပထမအဖွဲ့ကို ဖြားယောင်းပြီး စားသောက်ရန် ကြံစည်တော့တာကိုး။ သူတို့မှာပါတဲ့ ရေတွေကို စွန့်သွန်ပစ်အောင် ဖြားယောင်းပြီး ရေ ငတ်၊ အစာငတ်၊ ရိက္ခာပြတ်လို့ အားအင်ကုန်ခမ်းမှ ဖမ်းစားကြမယ်ပေါ့။

နွားအဖြူ နွားအသန့်၊ လှလှဝဝကြီးတွေကတဲ့ နွားလှည်းများ ဖန်းဆင်းပြီး သူတို့ကိုယ်ပေါ်မှာ လည်း ဆံပင်တွေ အဝတ်တွေ ရေစိုရွှဲ၊ ညွှံတွေ ရွှံ့တွေ လိမ်းကျံ၊ လက်မှာလည်း ကြာပန်းတွေ ကိုင်စွဲ လာကြတယ်။ လူယောင်ဖန်းဆင်းထားတဲ့ ဘီလူး ၁၂ ကောင်တို့ဟာ ကြာစွယ်ကြာပန်းတို့ကို စားသူက စား၊ ရေတွေလည်း တစ်ကိုယ်လုံး ရွှဲရွှဲစို၊ လှည်းကုန်သည်တွေနဲ့ ရင်ဆိုင်တွေ့အောင် တမင်လာကြ တယ်။

အမောင်တို့ ဘယ်ကလာကြသလဲ စသည်ဖြင့် စကားဆိုကြ၊ နှုတ်ဆက်ပြီး အကျွမ်းဝင်အောင် ချဉ်းကပ်သတဲ့ဗျ။ “ဟောဟိုမှာ မြင်နေရတဲ့

တောစပ်ကစပြီး အစဉ်သဖြင့် စိမ်းစိုတဲ့ တောထဲမှာ ရေဟာ မပြတ်မလပ်ရှိတယ်။ ဘာမှ မပူနဲ့။ ဟိုတောထဲက မိုးတွေကလည်း တရစပ်ရွာနေပေ့ါသဗျာ။ အင်းတွေ အိုင်တွေထဲလည်း ရေတွေပြည့်လို့၊ လျှံလို့ ၊ ရေချိုရေကောင်းတွေချည်းပဲ။ ခင်ဗျားတို့ ရေစည်ရေအိုး တွေတင်ပြီး သယ်ဆောင်ရတာ လေးလံပင်ပန်းလှပါတယ်။ သွန်ပစ်ခဲ့။ ဒီကာလမှစပြီးဟိုဘက်မှာ ရေ တွေပေါလွန်းလို့ ၊ ယူသွားနေအပိုပဲ။ ပေ့ါပေ့ါပါးပါးနဲ့ ခရီးတွင်အောင် သွားကြပါလားဗျာ။ စေတနာနဲ့ ပြောတာနော်”

အစရှိသဖြင့် ယုံကြည်လောက်အောင် ဟန်ဆောင်လှည့်စားတော့ အဟုတ်ထင်မှတ်ပြီး ရေတွေ သွန်ပစ်ကြဟေ့။ ရှေ့မှာ ရေပေါသတဲ့ဆိုကာ ရေအိုးတွေပါ ခွဲကာ။ ကန်ချကာ သွန်ပစ် စွန့်ပစ် ကြပါလေရော။ အားရဝမ်းသာနဲ့ ယုံကြည်တာပေ့ါ။

ရှေ့ခရီးဆက်ကြတဲ့အခါ တကယ်တမ်းမှာ ရေမရှိပါ။ ရေရှားတဲ့ သဲကန္တာရထဲမှာ ဒုက္ခတွေ့ကြ ပြီ။ နောက်ဆုံးတော့ လူတွေလည်း အားအင်ကုန်ခမ်း၊ နွားတွေလည်း ရေဆာရေငတ် ပင်ပန်းလဲ လျောင်းကြရ။ ဘီလူးတွေက အလွယ်တကူ ဖမ်းယူစားကြတာကို ခံကြရသတဲ့ သမီးရေ။

နောက် တစ်လခွဲအကြာမှ ကန္တာရာခရီးကြမ်းကို စတင်ထွက်ခွာလာတဲ့ ဘုရားအလောင်းက တော့ သတိရှိတယ်။ ဘီလူးကန္တရရောက်တော့ ယခင်အတိုင်း ဘီလူးတွေက လူယောင်ဖန်ဆင်းပြီး ဆံပင်တွေအဝတ်တွေ ရေစိုစိုရွှဲရွှဲနဲ့ ကြာပန်းကြာခိုင်တွေကိုင်စွဲကာ လာတာပဲ။

ပါသမျှ ရေအိုးရေပုံးတွေ သွန်ချဖို့ ပြောတာပဲ။ ဘုရားအလောင်းက ထိုဘီလူးတွေပြောတာ မယုံနဲ့။ ရေတစ်စက်မှ အချည်းအနှီး မစွန့်ပစ်နဲ့။ ဒါဟာ လှည့်စားမှုဖြစ်တယ်။ ရှေ့ခရီးမှာ ရေဟာ ပိုပြီး အရေးကြီးတယ်လို့ ပြောတယ်။ အချို့လူက ဟိုမှာ ရေတွေနဲ့ ရွှဲလို့ စိုလို့ မြင်နေရတာ ဗျာ။ အလေးခံ သယ်မနေပါနဲ့လားဆိုတာ တင်ပြတာပေ့ါ။

“မိတ်ဆွေတို့ ဒီကန္တာရထဲမှာ ရေတွင်း၊ ရေကန်၊ ရေအိုင်၊

အင်းတွေရှိတယ်လို့ (သူတို့ပြော သလို) ယခင်ကများ တစ်စုံတစ်ယောက်ပြောတာ၊ ပြောသံဆိုသံ ကြားဖူးသလား။”

“မကြားဖူးခဲ့ပါ”

“အေး မှတ်ထား၊ ဒါဟာ နိရဒကကန္တာရလို့ ခေါ်တယ်။ ဒီလို နိရဒကကန္တာရမှာ ရေရှိတယ်။ ရေ ပေါတယ်ဆိုတာ အကြောင်းမဟုတ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ ဟိုဘက်မှာ မိုးတွေရွာနေတယ်လို့ ပြောသွား သေးတယ်။ မိုးရွာရင် မိုးသက်လေဆင်ရမယ်။ မိုးနံ့ရသလား။ မိုးသက်လေတိုက်တာ တွေ့ရသလား။

“မတွေ့ကြရပါ”

“ဒါဆို မိုးရွာစေတဲ့ မိုးတိမ်မိုးညွှန့်တွေကော မြင်သလား”

“မမြင်ပါ .. မရှိပါ”

“ဒါဆို မိုးသံ၊ မိုးချုန်းသံကိုရော ကြားမိသလား”

“မကြားမိပါ”

“ဒါဆို လျှပ်စီးလက်တာကော မြင်ကြသလား”

“မမြင်ရ မတွေ့ရပါ”

“သင်တို့ မှတ်ထားကြ။ စောစောက ရေစိုရွှဲသော လူများအသွင် ဖန်ဆင်းလာသူတွေဟာ ဘီလူးတွေ ဖြစ်ကြတယ်။ ရေကို စွန့်၍ ခရီးဆက်ရင် ရေငတ်ပြီး အားအင်ကုန်ခမ်းချိနဲ့အောင်လုပ်ပြီး စားဖို့ လှည့်ဖြားတာ။ မကြောက်ကြနဲ့။ ရေကို မစွန့်ဘဲ ရှေ့ခရီးကို ကောင်းစွာဆက်သွားကြရင် အရင် အဖွဲ့ ထိုလှည်းကုန်သည်မိုက်တို့ရဲ့ လှည်းဝိုင်းအစုကို တွေ့မြင်ကြရမယ်။ ရေကို တစ်ပေါက်မှ မစွန့်နဲ့။ ခရီးဆက်ကြ”

ခရီးဆက်တော့ ပြည့်နေတဲ့ ကုန်ပစ္စည်းတွေနဲ့ ရှေ့ကသွားနှင့်တဲ့ အဖွဲ့လှည်းတွေပဲ တွေ့ရတာ ပေါ့။ လူတွေ၊ နွားတွေကတော့ ဘီလူးစားလို့ အရိုးစုပဲ

ကျန်ခဲ့တယ်။ အဲဒီ နေရာမှာ လှည်းဝိုင်းချ၊ ချက် ပြုတ်စားသောက်တဲ့အခါ ဘုရားအလောင်း ခေါင်းဆောင် လှည်ကုန်သည်မှူးကိုယ်တိုင် သန်လျက်ကို ကိုင်စွဲပြီး ကင်းစောင့်မလပ်အောင် ကောင်းစွာ စစ်ဆေးကြပ်မတ် ကာကွယ်ထားတယ်။ ဘီလူးများ မကပ်ရဲကြဘူးတဲ့။ ခေါင်းဆောင်ကောင်းတယ်၊ စည်းလုံးညီညွတ်တယ်ဆိုရင် ပြင်ပရန်သူက ကြောက် တယ်လေ။

ဒီနေရာ၊ ဒီဒေသ၊ ဒီညအဖို့ရာ အန္တရာယ်၊ အများဆုံးပဲဆိုတာ တွက်ဆသိမြင်ထားတဲ့ ဘုရား အလောင်းက ညဥ့်သုံးယံပတ်လုံး၊ တစ်ညလုံးမအိပ်ဘဲ အရုဏ်တက်သည်အထိ သတိရှိစွာ စောင့်ကြပ် ပေးသတဲ့။

ဒီလို ကာလ၊ ဒေသ၊ ပုဂ္ဂလ၊ ပယောဂ၊ အခြေအနေ။ အချင်းအရာတို့ရဲ့ အကောင်းအဆိုး၊ အ ကြောင်းအကျိုးတို့ကို ရှင်းရှင်းလင်းလင်း ၊ ကြိုတင်တွက်ဆ သိမြင်ကာ "အကြောင်းဟုတ်သည်၊ မဟုတ်သည် ကျွမ်းကျင်လိမ်မာခြင်း အရည်အချင်းကို အပဏ္ဏကကာ .. .ဆင်းရဲခြင်းမှ လွတ်ကင်းစေ တတ်သော အကျင့်လို့ ခေါ်ပါသတဲ့။

သမီးတို့ ယခုခေတ် လူငယ်မောင်မယ်တွေမှာ လူလား၊ ဘီလူးလား၊ အမှန်တကယ်လား၊ ဟန် ဆောင်ဖုံးကွယ်၊ ပုံဖျက်ပြီး လှည့်စား ဖြားယောင်းနေတာလား၊ ခွဲခြား သိမြင်ဖို့အရေးကြီးနေပြီ။

ရေမပေါ်ဘဲ၊ ရေပေါ်တယ်လာပြော၊

မိုးမရွာဘဲ၊ မိုးရွာတယ်လာပြော။

ရေမရှိဘဲ၊ အင်းတွေ အိုင်တွေ ရေအပြည့်ပဲလို့ ဆိုလိုဆို။

ရေစိုသယောင် ဆံပင်တွေ၊ အဝတ်တွေ စိုစိုစွတ်စွတ် ဟန်ဆောင် ဖန်ဆင်းပြ။

ကြာပန်း၊ ကြာဖူး၊ ကြာဝတ်ဆံတော် ယူလာဟန်၊ စားကြဟန် ပြသ။

ပါလာသမျှ ရေတွေ သွန်ပစ်ပါလား။ သယ်နေ အလကား လေးလံတာပဲ၊ ပေါ့ပါးအောင် လုပ်ပါ လား။

အဝေးလေလှိုင်းသံကနေ ထင်ယောင်ထင်မှား ဖြစ်အောင် သွေးခွဲ၊ သွေးထိုး၊ လှုံ့ဆော်မှု အမျိုး မျိုးတွေဟာ ရှိးနေပါပြီ။

ဘီလူးပမာ မုသားဆိုသူတွေကို တွေ့ကြုံရမယ်။

လောကကြီးမှာ မုသားဆိုသူတွေကို တွေ့ကြုံရမယ်။

လောကကြီးမှာ လိမ်ညာလှည့်ဖြားနေကြတဲ့သူတွေ အဝေးမှာကော အနီးမှာကော အများကြီးပဲ သမီး။

သတိဝီရိယနဲ့ သေသေချာချာ မစူးစမ်း မစိစစ်ဘဲ လွယ်လွယ်ကူကူ ယုံလိုက်မိရင် သားကောင် ဖြစ်ရပြီ။ သူတို့ရဲ့ ထောင်ချောက်ထဲကို ကွိခနဲ ဝင်မိပြီးသားပဲ။

ဟန်ဆောင် လှည့်ဖြားသူများကို သတိထား ။ အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို နား လည်သိမြင်တတ်ပါစေ။ ဘဝတစ်သက်တာမှာ ဘေးအန္တရာယ်များမှ ကင်းဝေးလွတ်မြောက်စေပါလိမ့် မယ်ဗျာ။ တစ်ခါတစ်ရံမှာ ဘဝဆိုတာ ဘီလူးကန္တာရကို ဖြတ်သန်းရသလိုလည်း ကြုံရတတ်ပေသေး။ သတိရှိပါစေ…။

**ချစ်စွာသော**

**ချစ်နိုင်(စိတ်ပညာ)**

**၂၂.၄.၂၀၀၅**

***

အခန်း(၂)

## ဣန္ဒြိပါဒ် လေးပါး

ချစ်သမီးလေး

ရွှင်လန်းချမ်းမြေ့ပါစေ ......

သမီးပတ်ဝန်းကျင်ကို တွေ့သမျှ မြင်သမျှ လေ့လာကြည့်လိုက်။ အောင်မြင်ထွန်းကားတဲ့ လူ တွေဟာ ဣန္ဒြိပါဒ်လေးပါးနဲ့ ပြည့်စုံကြတာ တွေ့ရပါလိမ့်မယ်။

မအောင်မြင် မဖြစ်ထွန်းဘဲ လုံးချာလုံးချာနဲ့ သာမန်အဆင့်တောင် မရှိရာတဲ့ လူတွေကို လေ့ လာကြည့်လိုက်ဦး။ ဒီလူတွေမှာ ဣန္ဒြိပါဒ်လေးပါး တစ်ခုခုဖြစ်စေ၊ လေးချက်စလုံးဖြစ်စေ၊ ကင်းမဲ့ကြတာ ကို တွေ့ရပေလိမ့်မယ်။ အဲဒီတော့ လူတွေကို အောင်မြင်သူများနဲ့ ရှုံးနိမ့်သူများကို ခွဲခွဲခြားခြား စည်းသားပိုင်းဖြတ်ပေးလိုက်တဲ့ အဲဒီ အချက် လေးချက်ကို သမီးသေသေချာချာ သိမထားသင့်ပေဘူးလား။

အေး ... သိအောင်ပြောပြဖို့ရာ ဘာမှ မခက်ပါဘူးကွယ်။ ဦးဦး ကြားဖူးမှတ်ဖူးတာ ပြောပြပါ မယ်။ တကယ်တမ်းလိုက်နာကျင့်သုံးသွားဖို့ရာသာ အဓိကကျတယ်နော် ..

၁။ ခိုင်မာသော ရည်မှန်းချက်ရှိရ။

၂။ မဆုတ်မနစ် ကြိုးပမ်းရ။

၃။ စိတ်ဓာတ်ခိုင်မာရ။

၄။ လုံလောက်သော ဉာဏ်ပညာရှိရ။

ဤကွန်ပ်ဴပါဒ်လေးပါးက မြန်မာလို ရှင်းရှင်းပြောရရင် ဒီသဘောဟာ အနီးစပ်ဆုံးပဲ ဆိုပါရစေ .....

ဘာဖြစ်ချင်တယ်။ ဘာဖြစ်ရမယ်၊ ဘယ်ကိုမရောက်ရောက်အောင် သွားမယ်ဆိုတဲ့ စိတ်ကူး မျှော်မှန်းချက်တောင် မရှိဘူးဆိုရင် ဘယ်မှာ အောင်မြင်ပါ့မလဲ။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်တွေထဲမှာ လောကီကြီးပွားချမ်းသာစေသော အကြောင်းတရားနဲ့ ပတ်သက်လို့ ဓမ္မပဒ၊ အပ္ပမာဒဝဂ်(၂)၊ ကုမ္ဘဃောသကဇာတ်မှာ အချက် (၇)ချက် ဟောကြားတော်မူဖူးတယ်။ အချက်အလက်ကို ဖော်ပြရရင် ...

၁။ လုံ့လဥဿာဟကြိုးစားမှုရှိရမယ်။

၂။ သတိရှိရမယ်။

၃။ အလုပ်ဟာ ဖြူစင်အပြစ်ကင်းရမယ်။

၄။ ရှေ့နောက်မြော်မြင်၊ ဆင်ခြင်ပြီးလုပ်ဆောင်။

၅။ ကိုယ်နှုတ်စိတ်များ အလိုမလိုက်ဘဲ စောင့်စည်းထားရမယ်။

၆။ တရားသဖြင့် အသက်မွေးခြင်းမျိုးဖြစ်ရ။

၇။ ပေါ့ဆခြင်း၊ မေ့လျော့ခြင်းတို့ မရှိစေရတဲ့။

ဒီအချက်များကို မှတ်သားရလွယ်ကူအောင်လို့ ဆရာတော် အရှင်ကုမာရက ဓမ္မပဒ ပန်းကုံးစာ အုပ် စာမျက်နှာ ၄၈ မှာ ဒီလိုကဗျာ၊ လင်္ကာ သီကုံးပေးထားတော်မူပါတယ် -

“လုံ့လလည်းထူ၊ သတိမူသား

စင်ဖြူအလုပ်၊ ဆင်ခြင်လုပ်၍

ကိုယ်နှုတ်စိတ်များ၊ စောင့်စည်းထားလျက်

တရားသက်မွေး၊ ကင်းဝေးမေ့လျော့ မပေ့ါဆမှု

ထိုသူတို့မှာ

ဥစ္စာစီးပွား၊ ကြီးမားရာထူး

ကျေးဇူးသတင်း၊ ကျော်ဇောခြင်းများ

လွန်တိုးပွား၏ ”တဲ့လေ။

အလွတ်ရအောင် ကျက်ပြီး ဆောင်ထားပေရော့။

ဟာ … အဲဒီ အဆုံးအမတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်က အချင်းအရာတွေပဲ။ တစ် လောကလုံးနဲ့ဆိုင်တာ ဟုတ်နိုင်ပ့ါမလား။ ယခုခေတ်က အလျင်အမြန် တိုးတက်ရွေ့လျားနေတဲ့ အချိန် အခါမျိုးမဟုတ်လား။ ရှေးရှေးသော အတိတ်ကာလနဲ့ တစ်ထပ်တည်း တစ်ပုံစံတည်း မကျတော့ဘူးမို့ အဲဒါတွေကို သိပ်မယုံကြည်ချင်ဘူးလား။

အေးဗျာ။ အင်မတန် ရိုးတဲ့ ရှင်းတဲ့ အထက်ပါအဆုံးအမ တရားများကို ကျင့်သုံးလိုက်နာကြတဲ့ အတွက် ချမ်းသာပြည့်စုံခဲ့ကြတဲ့ သူတွေ လက်တွေ့သာဓကေ ပြသနိုင်တာ အများကြီးရှိပါတယ်။ သိရုံ သက်သက်သာမက အမှန်တကယ် အလေးအနက် စွဲကိုင်ဆောင်ရွက်ခြင်းရှိသူတို့အဖို့ ကောင်းကျိုးမင်္ဂ လာတွေ များမြောင်စွာ ရခဲ့ပြီးပါပြီ။

“ရှေးထုံးကိုလည်း မပယ်နဲ့”ဆိုတဲ့ ဆိုရိုးစကားရှိခဲ့တယ်လေ။ အထက်ဖော်ပြပါ လိုအပ်ချက်တွေ ဟာ သာမန်ဉာဏ်အမြော်အမြင်နဲ့ နားလည်သဘောပေါက်နိုင်တဲ့ အခြေအနေရှိပါတယ်။ သိရှိလက်ခံ ပြီး တကယ်စမ်းသပ်ကြည့်။ သုံးသပ်စိစစ်၊ ကောင်းရင်ဆက်သုံးဆိုသလို တိတိကျကျ

သုတေသနလုပ် သွားရင် မြတ်စွာဘုရားနှင့် ရှေးရှေးသော ပညာရှိများကညွှန်ကြားပြသခဲ့တဲ့ တရားဓမ္မတွေဟာ မိမိဘဝ ကို ချောမွေ့ချမ်းသာ အဆင်ပြေစေမှာ ဖြစ်ပါတယ်။ အဖိုးထိုက်တဲ့ ရတနာတွေပါ။

အနောက်နိုင်ငံတွေရဲ့ နှစ်ဆယ်ရာစုကာလအတွင်း လူနေမှုအဆင့်အတန်း အလွန်တရာ အားကျချင်စရာ ဖွံ့ဖြိုးတိုးတက်ခဲ့တဲ့အတွက် ခေတ်မီအောင် လုပ်ဆောင်ကြမယ်ဆိုရင် သူတို့ဆီမှာ ကျင့်သုံးကိုင်စွဲကြတဲ့ မူဝါဒနဲ့ သဘောထားတွေကိုလည်း သိချင်မှာပဲ။

ချစ်သမီးမေလေး

ဝါသနာအလျောက် အနည်းအပါး တီးမိခေါက်မိရှိအောင် အနောက်တိုင်း လူမှုဘဝတိုးတက် ရေးလမ်းညွှန်စာအုပ်များကို ရှာဖွေလေ့လာ ဖတ်ရှုခဲ့ဖူးပါတယ်။ သူတို့ဟာ အရှေ့တိုင်းသားတွေထက် စီးပွားရေးလောဘ၊ ရုပ်ဝတ္ထုပစ္စည်းအပေါ် မက်မောမှု၊ ထက်သန်ပြင်းပြကြတဲ့ အလျှောက် ဆယ့်ကိုး ရာစုနဲ့ပ နှစ်ဆယ်ရာစုအချိန် နှစ်ပေါင်း ၂၀၀ အတွင်းမှာ အလွန်တရာ ကြိုးစားအားထုတ် အလုပ်လုပ်ခဲ့ ကြတာကို တွေ့ကြရပါတယ်။

အမျိုးအမျိုးအထွေထွေသော အနောက်တိုင်းက လူမှုဘဝတိုးတက်ရေး အကြံပေးချက်သဘော ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများအနက်မှ အောက်ပါကဗျာ ဘာသာပြန်တစ်ခုကို (ENGLISH FOR ALL မှ ဆရာ လူထုစိန်ဝင်း၏ ဆောင်းပါး) ၂၀၀၅ ခုနှစ် ၊ မတ်လထုတ် ကောက်နှုတ် ကူးယူ ဖော်ပြလိုက်ပါ မယ် သမီးရေ --

ကဗျာခေါင်းစဉ်က အိပ်မက်ကို တကယ်ဖြစ်အောင် လုပ်နိုင်သူများတဲ့။ အနောက်တိုင်းအယူအ ဆမှာ ဘဝတစ်ခုကို အောင်မြင်ချမ်းသာအောင် ထူထောင်နိုင်ခဲ့ရင် အဲဒါဟာ သူ့ရဲ့ အိပ်မက်ကို အကောင်အထည် ဖော်နိုင်သူပဲလို့ ခံယူကြတယ်။

PEOPLE WHO ACHIEVE THEIR DREAMS.

အိပ်မက်ကို တကယ်ဖြစ်အောင် လုပ်နိုင်ကြသူများ

"သူတို့မှာ သူတို့ကိုယ်သူတို့ စိတ်ချယုံကြည်မှုရှိတယ်။

သူတို့မှာ အင်မတန်ခိုင်မာတဲ့ ဘဂရည်မှန်းချက်ရှိတယ်။

သူတို့မှာ အကောင်းဆုံးဖြစ်အောင် အမြဲတမ်း အစွမ်းကုန်ကြိုးစားတယ်။

သူတို့မှာ ပန်းတိုင်ရောက်ဖို့ အပင်ပန်းခံ အားထုတ်အလုပ်လုပ်တယ်။

သူတို့ကိုယ်သူတို့ သိကြတယ် ...

သူတို့မှာ သူတို့ရဲ့ အားနည်းချက်တွေကို သိတယ်။

သူတို့မှာ သူတို့ရဲ့ အားကောင်းချက်တွေကို သိတယ်။

သူတို့မှာ ဝေဖန်မှုကိုခံယူပြီး အကျိုးရှိအောင် ပြုပြင်ကြတယ်။

သူတို့မှာ တီထွင်ဆန်းသစ်တတ်တယ်။"

ဆူဆန်ပိုလစ်၊ ချူဇ်

ဆူဆန်ပိုလစ်၊ ချူဇ်ဆိုတဲ့ ကဗျာဆရာမရဲ့ အမည်ကို ယခင်က မိမိတစ်ခါမှ မကြားဖူး မဖတ်ဖူး ခဲ့ပါဘူး။ သူ့က မထင်ရှားလို့ ဟုတ်မယ်မထင်ပါဘူး။ မိမိက အင်္ဂလိပ်စာပေနယ်ပယ်မှာ မနှံ့စပ်လို့သာ ဖြစ်ပါလိမ့်မယ်။ သူက ကျော်ကြားသည်ဖြစ်စေ၊ မထင်မရှား ကဗျာဆရာပဲဖြစ်စေ၊ သူရေးထားတာက တော့ အနှစ်သာရပြည့်ဝပြီး တကယ်ပဲ တန်ဖိုးရှိလှတာ အမှန်ပဲနော်။

အမေရိက၊ ဥရောပ အစရှိတဲ့ အနောက်နိုင်ငံတွေက မျက်နှာဖြူလူမျိုးများ သူတို့ဘာကြောင့် ခုလို အောင်မြင်ချမ်းသာတိုးတက်ဖွံ့ဖြိုးကြသလဲ။

အထက်ပါ အချက်မျိုးတွေ အခြေခံပြည့်စုံလို့ ဖြစ်တယ်။ အဲဒီ လိုအပ်ချက်တွေ ဖြည့်စွမ်းလိုက် ရင် သူတို့ဆီမှာ အောင်မြင်ကြွယ်ဝတဲ့သူတွေ

ဖြစ်သွားနေကျပဲ။

အထက်ပါ အရည်အသွေးတွေဟာ မရှိမဖြစ် လိုအပ်ချက်တွေပေ့ါ။ သဘောပေါက်ပြီနော်။

မိမိကိုယ်ကို ယုံကြည်မှု၊ ဘဝရည်မှန်းချက် ခိုင်မာမှု၊ အစွမ်းကုန် ကြိုးစားမှု၊ အပင်ပန်းခံ အလုပ် လုပ်မှု၊ ဝေဖန်ခံပြီး ပြုပြင်မှု၊ တီထွင်ဆန်းသစ်မှုနဲ့ သူ့ကိုယ်သူ သိမြင်နားလည်နိုင်စွမ်းရှိမှု ဆိုတာတွေ ဟာ အနောက်တိုင်းက သတ်မှတ်တဲ့ စံချိန် စံညွှန်း(ဝါ) အောင်မြင်ရေးအတွက် မရှိမဖြစ် လိုအပ်ချက် တွေပေ့ါ။ မူရင်းကဗျာ (၁၁)ချက်မှ (၇) ချက်ပဲ ကူးယူနမူနာပြတာ။

သမီးစဉ်းစားကြည့်၊ အခေါ်အဝေါ် စကားလုံး အသုံးအစွဲ အနည်းငယ်သာ ကွဲချင်ကွဲမယ်။ တကယ့်အနှစ်သာရ သဘောမှာတော့ ဝေးဝေးလံလံ မကွာခြားလှပါဘူးဆိုတာ သိနိုင်မယ်။

စက္ကသုတ္တာန်မှာပါတဲ့ စီးပွားဥစ္စာတိုးတက်ကြီးပွား ချမ်းသာစေသော အကြောင်းတရားလေးပါး ကို သမီးလည်း ကြားဖူးသိဖူးမှာပါ။ စက်လေးပါးတဲ့ ......

၁။ ပဋိရူပဒေသဝါသ - ကြီးပွားနိုင်တဲ့ အရပ်ဖြစ်ရမယ်

၂။ ပုဗ္ဗေစကတပုညတာ - ရေးကံကောင်းရမယ်

၃။ သပ္ပုရိသူပနိဿယ - မိတ်ဆွေကောင်းရှိရမယ်

၄။ အတ္တသမ္မာပဏိဓိစ - မိမိရဲ့ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးကို အကောင်းဆုံး

စောင့်ရှောက်ထိန်းသိမ်း ဖြည့်ဆည်းနေရမယ်။

သာသနာမှာ သုံးဆင့်(ဝါ) သုံးမျိုးရှိတယ် သမီးရဲ့၊ ပရိယတ္တိ၊ သိရန်၊ ပဋိပတ္တိ၊ ကျင့်ရန်နဲ့ ပဋိဝေ ဓအကျိုးဆိုက်ခြင်း၊ အောင်မြင်ထွန်းကားကြောင်း အချက်တွေက သိရန်သက်သက်မဟုတ်ဘူး။ (တကယ်လိုက်နာကြည့်ပြီး) ရှိရန်

အချက်တွေပါပဲ။ ဒါဆိုရင် ချမ်းသာဖွံ့ဖြိုးမှုတွေဟာ မုချမသွေဆိုက်ရောက်လာပေမယ်။

**ချစ်စွာသော**

**ချစ်နိုင်(စိတ်ပညာ)**

**၅.၃.၂၀၀၅**

***

အခန်း(၃)

## နှိုင်းယှဉ်၊ ယှဉ်ပြိုင်၊ ရင်ဆိုင်

ချစ်သမီးမေလေး

ရွှင်လန်းချမ်းမြေ့ပါစေ

ချောက်မြို့နယ်၊ ကြီးနီကျေးရွာမှာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်လောက်က ကြီးနီရွာသား ကျောင်းဆရာသုံးဦး ရှိကြတယ်။ ဦးမာတင်၊ ဦးလှကျော်၊ ဦးအောင်ရင်တဲ့။ ကြီးနီရွာအစိုးရအလယ်တန်း ကျောင်းမှာ ကျောင်းဆရာများဖြစ်ကြတယ်။ ကြီးနီရွာသား အခြားကျောင်းဆရာများလည်း ကြီးနီ ကျောင်းတွင်သာမက စလေ၊ ငွေးချို၊ အုံမြား၊ တရော်ကုန်း ၊ ကျောက်ပန်းတောင်း စသည့်နေရာများ မှာလည်း ရှိကြတယ်။ ထိုစဉ်ကာလ၌ ချောက်မြို့နယ် တစ်ခွင်လုံးတွင် ကျောင်းဆရာအများဆုံး ပေါ်ထွက်တဲ့ ရွာတစ်ရွာ။

ဦးမာတင်မှာ သားဦး သားကြီးမွေးလာတယ်။ မောင်ချစ်နိုင်။

ဦးလှကျော်မှာ သမီးဦး သမီးကြီးမွေးလာတယ်။ မသောင်းမြင့်။

ဦးအောင်ရင်မှာ သမီးဦး သမီးကြီး မွေးလာတယ်။ မခင်ဌေးမြင့်။

အသက်တွေ မတိမ်းမယိမ်းပါဘဲ။ မသောင်းမြင့်က ၁၉၄၆ ခုနှစ်ဖွား၊ မခင်ဌေးမြင့်က ၁၉၄၇ ဖွား၊ မောင်ချစ်နိုင်က ၁၉၄၈ ဖွား၊ အကြီးဆုံး အဦးဆုံး သားသမီးတွေအနေနဲ့ မိဘရဲ့ အထူးချစ်ခြင်းကို ရခဲ့တယ်။ ဘကြီး၊ ဘထွေး၊ ဒေါ်ကြီး၊ အရီးလေးတွေရဲ့ ဂရုတစိုက် အလိုလိုက်ခြင်းများကို ခံစားခဲ့ရ တယ်။ သူတို့ အသက် ၃-၄ နှစ်မျှ ရှိလာတော့ မောင်လေး၊ ညီမလေး၊ ညီလေးတွေ ရလာကြပါတယ်။

အသောင်းမှာလည်း မောင်လေးတွေ၊ ရေမွေးတဲ့ ရေအေးတဲ့။ ဒွေးဒွေးမှာလည်း ညီမလေးတွေ အနွံ့တဲ့၊ အတွတ်တဲ့။ မိမိမှာလည်း ညီလေးနှစ်ယောက်ရလာခဲ့ပြီ။ ဝင်းမြင့်အောင်နဲ့ အောင်စိုးမင်း။

အဓိက ဖော်ပြလိုတဲ့အချက်က အခုမှ ဆိုက်ရောက်ပါတယ်။ အသောင်း၊ ဒွေးဒွေးနဲ့၊ မောင် ချစ်နိုင်တို့ဟာ အသက် ၁၃နှစ် ၁၄ နှစ်အထိအောင် အိပ်ရာထဲမှာ သေးပါတယ်။ ညအိပ်ရင်းနဲ့ ဆီးမ ထိန်းနိုင်ဘူး။ နံနက်လင်းရင် စောင်မှာ ဆီးတွေ စိုရွှဲနေပြီ။ ထပ်ခါ ထပ်ခါစိုတော့ စောင်ဟာသေးစော် တောင်နံနေပြီပေါ့။

အေးဗျာ .... ညအိပ်ရာဝင်မှာ ဖိုခနောက်ကို ရှိခိုးပြီး အိပ်ရင်ပျောက်တယ်ဆိုလို့ မီးဖိုကို ရှိခိုးပါ ရဲ့။ ပျောက်တဲ့အခါ ပျောက်။ ပါတဲ့အခါ ပါနဲ့ပါပဲ။

တက္ကသိုလ်တွေ တက်ကြမှပဲ လုံးဝကင်းကင်းပျောက်သွားကြလေရဲ့။ အထက်တန်းကျောင်းသူ၊ ကျောင်းသားဘဝတွေမှာ ညအိပ်ရာထဲ သေးပါစမြဲ၊ ရှက်စရာလည်းကောင်းပါရဲ့။ လူတကာသိအောင် ထုတ်ဖော်ပြောနေရမယ့် အချက်မျိုးလည်း မဟုတ်ပါဘဲနဲ့။ ငယ်ကျိုးငယ်နာကို ဖော်နေပြန်ပါပြီလို့ ပြော စရာပဲပေါ့နော်။ သို့သော် စာရေးသူဆိုတာကတော့ အများတကာ အကျိုးရှိစေနိုင်မယ့် အကြောင်းခြင်း ရာမျိုးသာဆိုရင် မိမိရဲ့ ကဲ့ရဲ့စရာ ချွတ်ယွင်းမှုများပင် ဖြစ်နေပါစေ တင်ပြရဲရမယ်။ ထုတ်ဖော်ဝန်ခံပြီး အသိပေးနိုင်တဲ့ စေတနာမျိုး ထားရမယ်လို့ ခံယူတယ်။

(အသောင်းနဲ့ ဒွေးဒွေးကို အနူးအညွတ်ဒီနေရာက တောင်းပန်ပါတယ်။ အစ်မတွေက နားလည် ခွင့်လွှတ်မယ်လို့ ယုံကြည်ထားတယ်

ဒါဟာ ဘာကြောင့်လဲ။ ဘာလို့ ဖြစ်တာလဲ။ နားမလည်ခဲ့။ သဘောမပေါက်ခဲ့ပါဘူး။ ဝါသနာနဲ့ စိတ်ပါဝင်စားမှုအရ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှာ စိတ်ပညာအဓိက၊ ပညာလေးနှစ် ဆည်းပူးတဲ့အခါ

ရေးတေးတေး သိမြင်မိတယ်။ ရန်ကုန်တက္ကသိုလ်မှာ အသုံးချစိတ်ပညာ၊ (စစ်ဆေးရေး စိတ်ပညာ)ကို နှစ်နှစ် စာတွေ့လက်တွေ့ဆက်ပြီး သင်ယူရတဲ့အခါ ပိုမိုသဘောပေါက်လာပါတယ်။ နျူဂိုးတစ်၊ ဆိုက် ကိုးတစ်စတဲ့ စိတ်ရောဂါပညာ၊ စံလွဲစိတ်ပညာများ လေ့လာပြီးတဲ့အခါ ဩော် ...ဒါကြောင့်ကိုးလို့ နားလည်မိပြီ။

အမိအဖတို့ရဲ့ အထူးတလည် ဦးစားပေး၊ အရေးထားခံခဲ့ရတဲ့ ကလေးတစ်ဦးဟာ အဲဒီ အပေါ်မှာ အထူးပဲနှစ်သက်သာယာခဲ့မိတယ်။ သို့ပေမယ့် သူ့နေရာကို လုယူမယ့် နောက်တစ်ယောက်ပေါ်လာပြီးနောက် မိမိက ဘေးဖယ်ပေးရမယ့်နေရာ၊ ဆင်းပေးရမယ့် အချိန်အခါ၊ အမှောင်ထဲမှာ (စပေ့ါ လိုက်အောက်မှာ မိမိမရှိတော့ဘူး)ဆိုတဲ့အခါ စိတ်ဖိစီးမှုနဲ့ စိုးရိမ်သောက ဝင်ရောက်လာတော့တာပါပဲ။

သားသမီးတို့ အသက် ၁၄ နှစ်၊ ၁၅ နှစ်အထိ အိပ်ရာထဲမှာ ညအိပ်နေစဉ် ကျင်ငယ်စွန့်မိတတ် ခြင်းဟာ မသိစိတ်ထဲမှာ ငုပ်လျှိုးနေတဲ့ စိတ်သောကတွေ ဖိစီးနေကြောင်း သင်္ကေတတွေပဲ။ အလိုမကျ ခံစားမှုတွေရဲ့ သဘောလက္ခဏာတွေပါပဲ။ တကယ်တော့ ဒါကို အဖေအမေဖြစ်ကြတဲ့ ဦးလှကျော်-ဒေါ်လှသွယ်၊ ဦးအောင်ရင်-ဒေါ်ငွေခ၊ ဦးမာတင်-ဒေါ်အေးသတို့ဟာ ဘယ်သူမှ သိမြင်သဘောပေါက် သွားခြင်း မရှိခဲ့ကြပါ။ သူတို့အားလုံးဟာ ကွယ်လွန် တိမ်းပါးသွားခဲ့ကြရှာပါပြီ။

တောလက်ကျေးရွာတစ်ရွာက အသက်သုံးဆယ်ကျော်စ ကျောင်းဆရာမိသားစုဟာ မသိစိတ် နဲ့ ကလေးဆိုင်ရာ စိတ်ပညာ ရောဂါဗေဒကို ဘယ်သိမှာလဲ။ ကိုယ့်အချစ်ဆုံး သားဦး သို့မဟုတ် သမီး အကြီးဆုံးကို စိတ်မှာ ဒဏ်ရာဝေဒနာ အနာတရ ဖြစ်စေအောင် ဘယ်လိုလုပ်မလဲ။ အပြုအမူဆိုင်ရာ ဆက်ဆံရေးစိတ်ပညာအကြောင်း မသိရကောင်းလားလို့ အပြစ်မတင်မိပါ။ ဒါဟာ လွန်ခဲ့တဲ့ အနှစ်ငါး ဆယ်။

အသေးအဖွဲလို့ထင်စရာလေးတွေက ကလေးရဲ့ စိတ်အတွင်းမှာ

အနာရှုတ် တစ်စုံတစ်ခုဖြစ်စေ တာပေ့ါလေ။ မည်သူ့ကိုမှ အပြစ်မမြင်ပါဘူး။ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်မှန်ကို သိသာမြင်သာအောင် သာဓက ဆောင်တာပါ။

အမိအဘတို့အတွက် သတိထားရမယ့်အချက်များ၊ ဆောင်ရန်ရှောင်ရန်များကို ပညာပေးဖို့ လည်း မဟုတ်ပါဘူး။ မိမိထက် ပိုမိုသိကျွမ်းကျင်တဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်များက ရေးသားဖော်ပြကြပါ စေ။

လူတစ်ယောက်ဟာ မိမိသိသည်ဖြစ်စေ၊ မသိဘဲဖြစ်စေ။ မိမိရဲ့ ဆန္ဒနဲ့မဆိုင်ဘဲ နှိုင်းယှဉ်ဖော်ပြ ခံရခြင်း၊ ယှဉ်ပြိုင်ရခြင်းတို့ကို အလိုလို ရင်ဆိုင်ရတတ်တယ်ဆိုတာ ပြောပြလိုရင်းပဲ၊ ယှဉ်ပြိုင်နေရ တယ်။

မွေးချင်းညီအစ်ကို ညီအစ်မအချင်းချင်းမှာပင် ဝါသနာ၊ စရိုက်၊ အထုံ၊ ပါရမီတွေ မတူညီနိုင်ကြ ပါဘူး။ ကံချင်းလည်း မတူဘူး။ မိသားစုအတွင်းမှာဖြစ်စေ၊ ရပ်ရွာထဲမှာဖြစ်စေ၊ ကျောင်းမှာပဲဖြစ်စေ၊ ဘဝတစ်လျှောက်လုံးမှာ နှိုင်းယှဉ်အကဲဖြတ်ခြင်း၊ တန်ဖိုးခွဲခြားဆက်ဆံခြင်းတွေဟာ မလွဲမသွေတွေ့ ကြုံ ခံစားရမယ်လေ။

အဲဒီ အခါမှာ မိမိကိုယ်ကို ယုံကြည်ချက် အားမာန်သွင်းပြီး ရင်ဆိုင်ဖြတ်ကျော်နိုင်အောင် ရုန်းကြ ရပါတယ်။ အခြေခံအကျဆုံး၊ အသေးငယ်ဆုံးမိသားစုဘဝအခြေအနေမှ စတင်ဖော်ပြတာပါ။ တိုင်း ပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံအထိ၊ သူတစ်ပါးနဲ့ အစစအရာရာ အဆက်မပြတ် မနားတမ်းယှဉ်ပြိုင်နေ ရတယ်ဆိုတာ သိစေချင်ပါတယ် သမီးရယ်။ သမိုင်းဖြစ်စဉ် တစ်ခုကို ကောက်ကြဦးစို့။

အင်းဝသို့ မြောက်အရပ်ဒေသမှ ပြည်ပကျူးကျော်သူများ ဝင်ရောက်တိုက်ခိုက်ဝန်းရံတဲ့အခါ ရန် သူ စစ်သူကြီးဂါမဏိနဲ့ အင်းဝနေပြည်တော် အကျဉ်းထောင်ထဲမှာရှိနေတဲ့ မွန်သူရဲကောင်းသမိန်ဗရမ်း တို့ တစ်ဦးချင်း မြင်းစီးကာ စီးချင်းထိုးကြတဲ့အကြောင်း မြန်မာ့သမိုင်းရာဇဝင် ဇာတ်ကြောင်းမှာ

တွေ့ခဲ့ ရမှာပေ့ါ။

သမိန်ဗရမ်းရှုံးရင် အင်းဝကို ရန်သူသိမ်းမှာပဲ။ ရန်သူက မြန်မာနေပြည်ကို သူ့လက်အောက်ခံ အဖြစ် သတ်မှတ်သွားတော့မှာပေ့ါ။ ဂါမဏိရှုံးရင် သူတို့တပ်တွေ ပြန်လည် ဆုတ်ခွာပေးမယ်ပေ့ါ။

မြန်မာပြည်သူ၊ လူကြီးလူငယ် ၊ ယောကျ်ားမိန်းမ၊ ပရိသတ်အားလုံး ရင်တဖိုဖိုနဲ့ မျက်တောင် မခတ်ကြည့်နေကြတာကတော့ မြန်မာဘက်မှ မွန်သူရဲကောင်းနဲ့ ပြည်ပရန်သူ စစ်သူကြီးတို့ရဲ့ ရင်ဆိုင် စီးချင်းထိုးပွဲ၊ မြင်းကလည်း ကောင်းကြ။ လူနှစ်ယောက်ကလည်း စစ်ဝတ်စစ်ချပ်၊ ဓားလှံတွေ ဝင်းဝင်း ပြောင်ပြောင်၊ နေရောင်အောက်မှာ တောက်ပလင်းလက်စွာနဲ့။ ဘယ်သူက စစ်ဗျူဟာသာသလဲ။ ဘယ် သူက မျက်စိလျင်ပြီး ဘယ်သူက နားပါးသလဲ။ သူတို့ရဲ့ ဓားချက်၊ လှံချက်၊ လျှပ်တစ်ပြက်လှုပ်ရှားမှု တိုင်းဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် သေရေးရှင်ရေးပါပဲ။ အဲဒီ သမိုင်း ဖြစ်စဉ်မှာ မြန်မာဘက်က အနိုင် ရလို့ ပြည်ပတပ်များ ပြန်လည်ဆုတ်ခွာသွားခဲ့တယ်။ အားလုံးအသိ။ အင်းဝဘုရင် မင်းခေါင်ဟာ အကျဉ်းထောင်ထဲက မွန်သူရဲကောင်း သမိန်ဗရမ်းအား ပြည်ထောင်စုကြီး တစ်ခုလုံးကို ကာကွယ်နိုင် စွမ်းရှိမည့်သူကို ရဲရဲဝံ့ဝံ့ ရွေးချယ်ဆုံးဖြတ် တာဝန်ပေးရဲတာလည်း အံ့သြစရာပဲ။ (သူရဲကောင်း သမိန် ဗရမ်းကို သမီးတော်နှင့် စုလျားရစ်ပတ် လက်ထပ်စေပြီး သားတော်နှင့်မခြား ချီးမြှောက်ခဲ့ပါသတဲ့။ တိုင်းပြည်ကို ပြည်ပရန်စွယ်မှ ကာကွယ်ကယ်တင်ခဲ့သူပေကိုးကွဲ့) တစ်ခါတစ်ရံမှာ နိုင်ငံနဲ့ လူမျိုးရဲ့ တိုးတက်မှု သို့မဟုတ် ဆုတ်ယုတ်ပြိုကွဲမှုဟာ အချက်အခြာ အဆုံးအဖြတ် လူပုဂ္ဂိုလ်တစ်စုံတစ်ဦးရဲ့ အပေါ်မှာပဲ လုံးဝဥဿုံတည်မှီနေတာလည်း ရှိတတ်ပါသဗျာ။ အထက်ပါ တစ်ဦးချင်း စီးချင်းတိုက်ပွဲဟာ နှစ်ဘက်စစ်သည်များနဲ့ ပြည်သူအများရဲ့ အသက်အိုးအိမ် စည်းစိမ်များ မနစ်နာ မပျက်စီးရလေအောင် လက်ရုံးရည်၊ နှလုံးရည်ယှဉ်ပြိုင်တဲ့ပွဲပေ့ါ မေလေးရဲ့။ သူတို့က

ကိုယ်စားပြုသွားတာပဲ။

နှစ်ဆယ်ရာစု ကာလထဲမှာ ပြည်ထောင်စုရဲ့ အမျိုးသား အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေး ကို အသက်ပေးပြီး ကာကွယ်ခဲ့တဲ့ သူရဲကောင်းများစွာအနက် တိုင်းမှူးတာဝန် သုံးနေရာ၊ သတ္တုတွင်း ဝန်ကြီးနဲ့ ဒုတိယဝန်ကြီးချုပ် တာဝန်များ ထမ်းဆောင်သွားတဲ့ ဗိုလ်မှူးချုပ်သန်းတင်(အငြိမ်းစား)ရဲ့ စစ် ရေးဆောင်ရွက်ချက်များကတော့ တကယ်ပဲ ချီးကျူးအတုယူစရာပါပဲကွယ်။ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှာ ကိုယ်တွေ့မှတ်တမ်းတွေ ရေးခဲ့ကြတဲ့ ဖြစ်ရပ်မှန်မှတ်တမ်းကောင်းတွေ အများကြီးပါပဲ။ ဥပမာ ပြောကြပါစို့ ....

၁။ Aung San BURMA’S CHALLENGE (မြန်မာ့စိန်ခေါ်သံ/ဗိုလ်ချုပ်အောင်ဆန်းရေးသားသည်)

၂။ ဗိုလ်တာရာ ရဲဘော်သုံးကျိပ်ပြည်တော်ပြန် (ရဲဘော်သုံးကျိပ်)

၃။ ဗိုလ်မင်းခေါင် ရဲဘော်သုံးကျိပ်မော်ကွန်း (ရွှေတူ)

၄။ ဗိုလ်မှူးဗလ လွတ်လပ်ရေးခရီးတစ်ထောက်

၅။ ဗိုလ်သံဒိုင် လွတ်လပ်ရေးလှုပ်ရှားမှုမှတ်တမ်း

၆။ ဗိုလ်မင်းညို ဂျပန်ခေတ်စစ်ပညာတော်သင်တစ်ဦး၏ ဘဝ

၇။ ခင်မောင်ညို(မန်း) ဂျပန်ခေတ်စစ်တက္ကသိုလ်

၈။ ဗိုလ်ဉာဏ်မောင် ဂျပန်ခေတ်စစ်ပညာသင်

၉။ သခင်တင်မြ ဘုံဘဝမှာဖြင့်

၁၀။ သိန်းဖေမြင့် စစ်အတွင်းခရီးသည်

၁၁။ သခင်တင်မြ ဂျပန်တော်လှန်ရေးတိုင်းဆယ်တိုင်း

၁၂။ မြတ်ထန် တိုင်းပြည်ကနုနု၊ မုန်တိုင်းက ထန်ထန်

(ဗိုလ်မှူးကြီး

တင်မောင်)

၁၃။ ဒေါက်တာမောင်မောင် သားမောင်စစ်သည်သို့

၁၄။ ဗိုလ်မှူးချစ်ကောင်း အနှစ်နှစ်ဆယ်

၁၅။ သိန်းဖေမြင့် မဟာမိတ်နှင့် ဗမာ့တမန်

လွတ်လပ်ရေးရပြီးနောက် စစ်မှတ်တမ်းများ အချို့လည်း ပေါ်ပေါက်ခဲ့ပါတယ်။ တိုက်ပွဲအတွေ့ အကြုံများကို စာရေးသူက ရေးသားကြတာတွေလည်း ရှိပါတယ်။ အောင်ဆန်းသူရိယဗိုလ်ကြီးတိုက် ချွန်း၊ မုန်တိုင်းဗိုလ်ရဲဒင်၊ အောင်ဆန်းသူရိယ လှသောင်းအစရှိသည်ပေါ့။

မြန်မာပြည်စစ်မြေပြင်နဲ့ ပတ်သက်လို့ ဗြိတိသျှစစ်ဗိုလ်များ၊ ဂျပန်စစ်ဗိုလ်များ၊ အမေရိကန်စစ် ဗိုလ်များရဲ့ ကိုယ်တွေ့မှတ်တမ်းများလည်း တော်တော်များများ ရှိခဲ့ပါတယ်။ ဗြိတိသျှကာကွယ်ရေး ဦးစီးချုပ်၊ ဆာဂီလျှံ၊ ဆလင်းရေးသားခဲ့တဲ့ Defeat into Victory အောင်မြင်စွာ ဆုတ်ခွာခြင်း (သို့) အရှုံးထဲမှ အနိုင် မြန်မာပြည်စစ်ပွဲစဉ် မှတ်တမ်းဟာ ကမ္ဘာကျော်တဲ့ စစ်မှတ်တမ်းစာအုပ် တစ်အုပ်ပေါ့။

ဗိုလ်မှူးချုပ်သန်းတင်(အငြိမ်းစား)ဟာ ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၁၉၈၈ ခုနှစ်အထိ ဆယ်စုနှစ် နှစ်ခုလောက်ကြာမှ ပြည်ပနိုင်ငံကြီးတစ်ခုရဲ့ စိတ်ဓာတ်ရေး၊ ဝါဒရေး၊ ရုပ်ဝတ္ထု၊ လက်နက်ခဲ ယမ်းများ၊ ထောက်ပံ့ပေးခြင်းခံရတဲ့ သောင်းကျန်းသူ အဖွဲ့အစည်းတစ်ရပ်ကို စစ်ပညာပြည့်ဝမှု၊ နည်း

ပညာကျွမ်းကျင်အကဲသာမှု၊ လက်ဦးစွာ ဦးချိုးနှိမ်နင်းခြင်းကို သူရေးသားတဲ့ “စစ်ဆင်ရေးပြီး စစ်ဆင် ရေး”ကိုယ်တွေ့မှတ်တမ်းစာအုပ်မှာ ဖတ်ရှုတွေ့မြင်ရပါတယ်။

သိန္နီတံတားကို ချိုးဖျက်ကာ အာရုံလွှဲလှည့်ဖျားပြီး လားရှိုးမြို့ ဘူတာရုံအထိ အင်အား ၁၀၀၀ ကျော်နဲ့ ထိုးဖောက်လာတဲ့ ရန်သူ့စစ်ကြောင်းကို နေ့တွင်းချင်း၊ ညတွင်းချင်း စစ်ကူအရံတပ်ရရှိလာ အောင် ခေါ်ယူပြီး ခြေလျင်တပ်နဲ့ အမြောက်တပ် ပေါင်းစပ်ပိတ်ဆို့ကာ အထိနာအောင် တိုက်ခိုက်ပုံ ဟာ အသဲတယားယားပါပဲဗျာ။

ရန်သူ့လောင်ချာ လက်နက်ကိုင်တဲ့ စစ်သည်တစ်ဦးက ညဥ့်အမှောင်ထဲမှာ လားရှိုးဘူတာအ တွင်းရှိ သံချပ်ကာ ခေါင်းတွဲ( ရှေ့ပြေးယာဉ်)ကို လောင်ချာနဲ့ပစ်ခွင်းလိုက်တဲ့အခါမှာ တန်ပြန်ပေါက်ကွဲ ခြင်းကြောင့် ထိုရဲဘော်ရဲ့ ခန္ဓာကိုယ် တစ်စစီလွင့်ထွက်သွားတဲ့ ဖြစ်ရပ်ဟာ သမ္မာဒေဝနတ်ကောင်း နတ်မြတ်များက ဖန်တီးလိုက်လေသလား အံ့အားသင့်စရာပဲ။ ဒါကို မိမိတို့တပ်က လက်နက်ကြီးနဲ့ ပစ်ချပြီထင်ပြီး ချေအီး ချေလန့်ဆိုသလို ရန်သူတပ်ဟာ ဂရုံးသုန်းကား ဆုတ်ခွာသွားကြခြင်းဖြစ်တယ်။

အကယ်၍ သာ ထိုမီးရထားဘူတာရုံထဲအထိ ဝင်ရောက်ထိုးဖောက်လာတဲ့ ရန်သူဟာ ရှေ့ကို အမှောင်ထဲအထိ ဝင်ရောက်ထိုးဖောက်လာတဲ့ ရန်သူဟာ ရှေ့ကို အမှောင်ထဲဆက်တိုးကာ ကိုက် ၅ဝ လောက်မှာ ရှိသော ဓာတ်ဆီလှောင်ကန်တွေကို ကျည်ဆံတစ်တောင့် ပစ်လိုက်နိုင်ခဲ့လျှင် လားရှိုးမြို့ ကြီး တစ်မြို့လုံး မီးလောင်တိုက်သွင်းပြီး းဘယ်သူတစ်ဦးတစ်ယောက်မှ ခုခံကာကွယ်နိုင်မယ် မဟုတ် တော့ပါ။ လားရှိုးတစ်မြို့လုံး မီးဟုန်းဟုန်း။

ကံတရားက ဆန်းကြယ်စွာ အကာအကွယ်ပေးလိုက်တဲ့ နိုင်ငံတော်ရဲ့ ကုသိုလ်နော်။

ရန်သူပြိုကွဲဆုတ်ခွာသွားရာကို တိုင်းမှူး ဗိုလ်မှူးချုပ် သန်းတင်ကိုယ်တိုင် အမြောက်လက်နက် များနဲ့ ပစ်မှတ် ညွှန်ကြားပြီး (ကြိုတင်လေ့ကျင့်ဇာတ်တိုက်စီမံထားလေ့ရှိတဲ့ တိုင်းမှူးရဲ့ စစ်ရေးအတွေ့ အကြုံ ရင့်ကျက်မှုကြောင့်) ထိထိရောက်ရောက် ပစ်ခတ်ချေမှုန်းနိုင်ခြင်းဟာလည်း ရန်သူက မြန်မာ ပြည်ကို သိမ်းပိုက်မည့် စီမံချက်အား လုံးဝဦးကျိုးပျက်ပြားသွားအောင် လုပ်ဆောင်ရာ ရောက်စေခဲ့ တယ်။

မြောက်ဗီယက်နမ်သို့ အကူအညီပေးခဲ့တဲ့ အထူးတိုက်ပွဲဝင်စစ်ကြောင်းမှူး၊ စစ်ပညာထူးချွန်လှ တယ်လို့ မြန်မာပြည်အရှေ့မြောက်ပိုင်းကို ရွေးချယ်စေလွှတ်လိုက်တဲ့ ထိုရန်သူဗိုလ်ချုပ်ဟာ ပန်ကျုံ တိုက်ပွဲတွင် အမြောက်ကျည်များတရစပ်ကျရောက်ပေါက်ကွဲတဲ့ မြန်မာ့တပ်မတော်ရဲ့ တိုက်စစ် လက္ခဏာရှိသော ခံစစ်ဆင်မှုကြောင့် ကျဆုံးသွားခဲ့ပါတယ်။ တိုက်ပွဲနာရီပိုင်းအတွင်းမှာ ရန်သူဟာ ရာ နဲ့ချီပြီး အလောင်းချင်းထပ်သွားတယ်။ သူ့ရဲ့တပ်တွေဟာလည်း တာစူလို့မရလောက်အောင် ဖရိုဖရဲနဲ့ စိတ်ဓာတ်ချောက်ချားပြိုကွဲ ဆုတ်ခွာသွားရရှာပါတယ်။

တာတိုပြေးပွဲဖြစ်စေ၊

ဘော်လီဘောပြိုင်ပွဲဖြစ်စေ၊

ဘော်လုံးပြိုင်ပွဲဖြစ်စေ၊

မိမိတို့တစ်ဦးချင်းရဲ့ စွမ်းအားမြင့်မားမှုနဲ့ အရည်အချင်းဟာ တိုင်းပြည်နဲ့ လူမျိုးကို ကိုယ်စားပြု ပြီး အနိုင်အရှုံးအဆုံး အဖြတ်ပေးတတ်တယ်။ နှိုင်းယှဉ်၊ ယှဉ်ပြိုင်၊ ရင်ဆိုင် ရတတ်တယ်ဆိုတာ လက် တွေ့သင်ခန်းစာပေ့ါသမီးရယ်။ ကြိုတင်မြော်မြင်နိုင်ရမယ်။

ငါတို့ဟာ နိုင်ငံတော်ရဲ့ သမိုင်းကို တစ်ထောင့်တစ်နေရာကနေပြီး ပါဝင်ရေးသားနေကြတာပါ လားလို့ နားလည်သိမြင်ရင် မိမိရဲ့ အလုပ်စွမ်းရည်ကို

လေးစားရှိသေပြီး အဆင့်မြင့်အောင် အစဉ်သ ဖြင့် လူတိုင်းလူတိုင်းက ကြိုးစားနေကြပေလိမ့်မယ်နော်။

**ချစ်စွာသော**

**ချစ်နိုင်(စိတ်ပညာ)**

**ကနောင်ဂျာနယ်**

**အတွဲ(၇)၊ အမှတ် (၁၈) ၄.၅.၂၀၀၅**

***